## 2. raise/ rise

Raise ဟာ ကံလိုကြိယာ (transitive verb) ဖြစ်ပါတယ်။

e.g(1) The government was forced to **raise** taxes.
အခွန်တွေမြှင့်တင်ဖို့ အစိုးရက တွန်းအားပေးခြင်းခံရတယ်။

e.g(2) Some of the questions **raised** by the report.
အစီရင်ခံစာက တင်ပြသော မေးခွန်းအချို့။

Riseကမြင့်တက်သည်လို့ အဓိပ္ပာယ်ရပြီး ကံမလိုကြိယာ (In transitive verb) ဖြစ်ပါတယ်။

e.g Car sales **rose** by nearly 10% in October.
အောက်တိုဘာလမှာ ကားအရောင်းက ၁၀ရာခိုင်နှုန်း နီးပါး မြင့်တက်ခဲ့ပါတယ်။

## 3. get/ receive/ obtain

- get ကတော့ တွေမြင်နေကျစကားလုံးဖြစ်ပါတယ်။ Informal အနေနဲ့အသုံးပြုပါတယ်။
- တစ်ဦးတစ်ယောက်က သင့်ကိုပေးတဲ့အတွက် သင်တစ်စုံတစ်ရာ ရရှိတဲ့အခါ receive ကိုအသုံးပြုတယ်။

e.g Mg Mg **receives** a letter from his friend.
မောင်မောင်ဟာ သူ့သူငယ်ချင်းထံမှ စာတစ်စောင်ရရှိထားတယ်။

အထူးသဖြင့်
- ရှာဖွေခြင်းဖြင့်လည်းကောင်း (သို့) ရရှိဖို့ကြိုးစားခြင်းဖြင့်လည်းကောင်း သင်တစ်စုံတစ်ရာ ရရှိတဲ့အခါ obtainကို အသုံးပြုနိုင်တယ်။

e.g Researches **obtained** information using detailed questionnaires.
သုတေသီတွေက အသေးစိတ်ကျတဲ့ မေးခွန်းလွှာတွေအသုံးပြုလျက် သတင်းအချက်အလက်တွေ ရယူခဲ့တယ်။



## 4. take away/ carry on/ remove/ continue

take away နဲ့ carry on ဟာ နေ့စဉ်တွေမြင်နေကျဖြစ်ပြီး informal မှာ အသုံးများပါတယ်။ အဲဒါအစား Academic writing မှာ ပိုမိုတိကျတဲ့ one-word verb တွေဖြစ်တဲ့ remove (ဖယ်ရှား)နဲ့ continue (ဆက်လုပ်)ကို အသုံးပြုလေ့ရှိပါတယ်။

## 5. safety / security

ရုပ်ပိုင်းဆိုင်ရာအရ အန္တရာယ်ဖြစ်မှ ပုဂ္ဂိုလ်တစ်ဦးကို ဘေးကင်းဖို့ပြောဆိုတဲ့အခါ **safety** ကို အသုံးပြုပါတယ်။

e.g regulations on health and **safety** at work.
အလုပ်ထဲမှာ ကျန်းမာရေးနဲ့ ဘေးကင်းမှုဆိုင်ရာ စည်းမျဉ်း စည်းကမ်းများ။

လူအုပ်စုတစ်စု(သို့) နေရာတစ်နေရာကို ကာကွယ်ခြင်းနဲ့ ပတ်သက်လို့ ယေဘုယျ ပြောဆိုရာမှာ security (လုံခြုံရေး)ကို အသုံးပြုပါတယ်။

e.g tougher **security** measures to deal with terrorists.
အကြမ်းဖက်သမားတွေနဲ့ ရင်ဆိုင်ဖို့ ပိုမိုခက်ခဲတဲ့ လုံခြုံရေးဆောင်ရွက်မှု အစီအစဉ်များ။

## 6. sight/ site

sight ဆိုတာမြင်ကွင်းပါပဲ။ သင်လှည့်ပတ်ကြည့်ရှုရာမှ စိတ်ဝင်စားစရာနေရာ တစ်ခုမှာ သင်မြင်တဲ့တစ်စုံတစ်ရာဖြစ်ပါတယ်။

e.g the most popular tourist **sights**.
ပေါ်ပြူလာအဖြစ်ဆုံး တိုးရစ်မြင်ကွင်းများ။

site ကတော့ အထူးသဖြင့် တစ်စုံတစ်ရာ ဖြစ်ပျက်ခဲ့တဲ့တစ်နေရာ/ တည်နေရာကို ရည်ညွှန်းပါတယ်။

e.g a construction site = ဆောက်လုပ်ရေးနေရာတစ်ခု